Hawai‘i ပြည်နယ်
ကျန်းမာရေးဌာန

# COVID-19 နှစ်မျိုးစပ် ဆေးရှိန် မပျက်ဆက်ပေးသည့်ဆေးများ



မူလ COVID-19 နှင့် Omicron မျိုးကွဲ၏ အတွေ့အများဆုံး မျိုးဗီဇများကို ကာကွယ်ပေးသည့် COVID-19 နှစ်မျိုးစပ် ဆေးရှိန်မပျက်ဆက်ပေးသည့်ဆေးများကို အသက် 5 နှစ်နှင့်အထက် လူများအတွက် အကြံပြုထားပါသည်။

ပြင်ဆင်မွမ်းမံထားသော COVID-19 ဆေးရှိန်မပျက်ဆက်ပေးသည့်ဆေးများသည် ယခင် ကာကွယ်ဆေးထိုးမှု ပြုလုပ်ချိန်ကတည်းက လျော့နည်းလာသည့် ကာကွယ်မှုကို မူလအတိုင်း ပြန်အားဖြည့်ပေးနိုင်စေပြီး အသစ်အသစ်သော မျိုးကွဲများ၊ အထူးသဖြင့် Omicron BA.4 နှင့် BA.5 မျိုးစိတ်ကွဲများအတွက် ပိုမိုကျယ်ပြန့်သော ကာကွယ်မှုကိုပေးသည်။

ခွင့်ပြုချက်ပေးထားသော COVID-19 ကာကွယ်ဆေးများနှင့် ဆေးရှိန်မပျက်ဆက်ပေးသည့်ဆေးအားလုံး သည် ပြင်းထန်သော ရောဂါဝေဒနာ၊ ဆေးရုံတက်ရခြင်းနှင့် သေဆုံးခြင်း အန္တရာယ်ကို လျော့နည်းအောင် ပြုလုပ်ခြင်းအတွက် ထိရောက်မှုရှိပါသည်။

COVID-19 ကာကွယ်ဆေးများနှင့် ဆေးရှိန်မပျက်ဆက်ပေးသည့်ဆေးများသည် အခမဲ့ဖြစ် ပြီး ပြည်နယ်အနှံ့အပြားရှိ ဆေးဆိုင်များ၊ ရပ်ရွာကျန်းမာရေးစင်တာများ၊ ဆေးခန်းများနှင့် အခြား ကျန်းမာရေးစောင့်ရှောက်မှုပေးသူများထံတွင် ရရှိထိုးနှံနိုင်ပါသည်။ ကာကွယ်ဆေး ဝန်ဆောင်မှုပေး သူများကို vaccines.gov တွင် မြင်တွေ့နိုင်ပါသည်။

## သင်သည် အောက်ပါအခြေအနေများ နှင့် ပြည့်စုံလျှင် နှစ်မျိုးစပ် ဆေးရှိန်မ ပျက်ဆက်ပေးသည့်ဆေးများကို အကြံပြုပါသည်...

- အသက် 5 နှစ်နှင့် အထက်ဖြစ်ခြင်း
- သင်၏ အခြေခံကာကွယ်ဆေးစီးရီးများကို ထိုးနှံပြီးထားပြီးဖြစ်ခြင်း
- သင်၏ လတ်တလောအဖြစ်ဆုံး ကာကွယ်ဆေးထိုးပြီးသည်မှာ အနည်းဆုံး 2 လ ခန့်ကြာမြင့်ပြီးဖြစ်ခြင်း

## Pfizer သို့မဟုတ် Moderna လား။

ကိုယ်တိုင်ရွေးချယ်ပါ။ လူအများသည် ယခင်က လက်ခံရရှိခဲ့သည့် ကာကွယ်ဆေးအမျိုးအစားများကို ထည့်သွင်းစဉ်းစားစရာမလိုဘဲ Pfizer သို့မဟုတ် Moderna ကို ရရှိထိုးနှံနိုင်သည်။

**နောက်ထပ် အချက်အလက်များအတွက် HawaiiCOVID19.com/Vaccine သို့ ဝင်ကြည့်ပါ**